**(KNU) ကရင်အမျိုးသားအစည်းအရုံး**

**တပ်မဟာအမှတ် (၅)၊ မူတြော်ခရိုင်**

**ကော်သူးလေ**

**"ဘူးသို၊ ဒွယ်လိုး" မြို့နယ်ရှိ ပြည်သူလူထုဆန္ဒထုတ်ဖော်ခြင်းအပေါ်**

**တပ်မဟာအမှတ် (၅)၊ မူတြော်ခရိုင်၏ သဘောထားထုတ်ပြန်ကြေညာချက်**

**ရက်စွဲ- ၂၀၂၁ခုနှစ်၊ မတ်လ ၅ ရက်နေ့**

၁. ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်မှအာဏာသိမ်းပြီးသည့်နောက်ပိုင်း ပြည်သူလူထုများမှစစ်အာဏာရှင်ကို ဆန့်ကျင်ပြီးစစ်အာဏာရှင်စနစ်ကျရှုံးစေရန်အတွက် ဆန္ဒပြခဲ့ကြသည်။ မူတြော်ခရိုင်၊ ဘူးသို နှင့် ဒွယ်လိုးမြို့နယ်ရှိ ကျေးရွာအုပ်စု ၁၂ အုပ်စု ဖြစ်သည့် (ဘူးသိုမြို့နယ်- မယ်ကလော၊ မယ်ညူ၊ မယ်ခူ၊ မယ်မဲ၊ ဒေးဝါး၊ ကျောပါ၊ မယ်ပရီ၊ ထီးသဒေါ်ထ) ကျေးရွာအုပ်စုတို့နှင့် (ဒွယ်လိုးမြို့နယ်- မာထော၊ ထီးသဘလုထာ၊ ကတယ်တီ၊ လေးဖိုးထ) ကျေးရွာအုပ်စုတွင်း နေထိုင်ကြသောလူထုများမှလည်း ဆန္ဒပြခဲ့ကြပါသည်။ ထို့အပြင်၊ လူသောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့တို့လည်း ပါဝင်ခဲ့ကြပြီး ဖာပွန်နှင့်ကမမောင်းမြို့ရှိ ပြည်သူလူထု အချို့လည်း ပါဝင်ဆန္ဒပြခဲ့ကြပါသည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ပြည်သူလူထုစုစုပေါင်း (၂၀,၀၀၀) ဦးရေဝန်းကျင်ခန့်သည် နံနက် ၈း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအချိန်အထိ ဖာပွန်နှင့်ကမမောင်းမြို့ ကြားရှိလမ်းမကြီးတစ်လျှောက် စုဝေးကာ လမ်းလျှောက်ဆန္ဒပြခဲ့ကြပါသည်။

၂. ပြည်သူလူထုများ၏ ဆန္ဒပြကြွေးကြော်သံအချက်များမှာ (၁) မဟာလူမျိုးကြီးဝါဒ နှင့်စစ်အာဏာရှင်စနစ်ကျရှုံးရန်၊ (၂) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရန်၊ (၃) ဖယ်ဒရယ်ဒီမိုကရေးစီဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရန်၊ (၄) တန်းတူညီမျှမှုရှိရန်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိစေရန်၊ (၅) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအာဏာသိမ်းစစ် တပ်နှင့်ပူးပေါင်းဆောင်ရွက်မှုမပြုရန်၊ (၆) မိမိဒေသတွင်းရှိဗမာစစ်တပ်စခန်းများရုတ်သိမ်းရန် နှင့် (၇) ဖမ်းဆီးထားသော NLD ခေါင်းဆောင်များနှင့် ဆန္ဒပြပြည်သူလူထုများအား ပြန်လွှတ်ရန် တို့ပြင်ဖြစ်ပါသည်။

၃. ယင်းအချက်များပေါ်အခြေခံကာ ကျွန်ုပ်တို့မူတြော်ခရိုင် နှင့် တပ်မဟာအမှတ် (၅) ခေါင်းဆောင်တို့သည် ပြည်သူလူထုများနှင့်အတူ ခိုင်မာသည့်သဘောထားတစ်ထပ်တည်းရှိကြပြီး ၎င်းတို့၏ကြွေးကြော်သံများအား "ဦးစားပေးရမည့်အရေးကြီးသည့်အချက်" အဖြစ် အပြည့်အဝသဘောတူထောက်ခံရမည့် အချိန်သည်ယခုအချိန်ပင်ဖြစ်ပါသည်။

အာဏာဖီဆန်ရေးအကြမ်းမဖက်လူထုလှုပ်ရှားမှု (CDM) သည် မှန်ကန်သည့်အတွက်ကြောင့် မြို့နေ ဆန္ဒပြသောပြည်သူလူထုများ အားတွန်းအားဖြစ်စေရန် ကျွန်ုပ်တို့တော်လှန်ရေးနယ်မြေတွင်နေထိုင်ကြသော ဒေသခံပြည်

သူလူထုများသည်လည်းဆန္ဒပြခဲ့ကြပါသည်။ ထို့ပြင် ယင်းအချက်ကို ၄င်းတို့မှ သိရှိစေရန်နှင့် လိုအပ်ပါကတစ်ဦးနှင့်တစ်ဦးအပြန်အလှန်ဝိုင်းဝန်းကူညီပေးကြရန်လိုအပ်လျှက်ရှိပါသည်။

၄. ပြည်သူလူထုများ၏ငြိမ်းချမ်းစွာဆန္ဒပြလှုပ်ရှားမှုများသည် စီလျော်မှန်ကန်မှုရှိသည့်အပြင် ဤကဲ့သို့သော ငြိမ်းချမ်းစွာဆန္ဒပြမှုအပေါ် အာဏာသိမ်းစစ်ကောင်စီ၏ "စစ်သားနှင့်ရဲ" များ၏လက်အောက်ခံ လက်နက်ကိုင်များမှ နှောက်ယှက် ခြောက်လှန့်ခြင်းတို့အား ပြုလုပ်ရန်လုံးဝမလိုအပ်ပေ။ ပြည်သူလူထုများ၏ငြိမ်းချမ်းစွာ ဆန္ဒပြမှုအပေါ် နှောက်ယှက် ခြောက်လှန့်ခြင်း တစ်စုံတစ်ရာရှိလာခဲ့မည်ဆိုပါက ကျွန်ုပ်တို့၏အုပ်ချုပ်ရေးနှင့် လက်နက်ကိုင်တပ်ဖွဲ့တို့မှ ကရင် ပြည်သူလူထုအားလုံးတို့နှင့်အတူ မြန်မာပြည်တွင်းရှိနိုင်ငံသားအားလုံးတို့အတွက် ခုခံကာကွယ်ပေးရန် တာဝန် ရှိပါသည်။

၅. ဗမာစစ်တပ်၏ မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်သည် ကျွန်ုပ်တို့ တိုင်းရင်းသားလူနည်းစုများအဖို့ ကြီးမားလှသည့်အခက်အခဲကို ဖြစ်စေသောကြောင့် ပြည်တွင်းနေပြည်သူလူထုများ၊ တိုင်းရင်းသားများနှင့် နိုင်ငံတကာတို့မှ အတူတကွလက်တွဲကာ မဟာလူမျိုးကြီးဝါဒ နှင့်စစ်အာဏာရှင်စနစ်အား အမြစ်ပြတ် သုတ်သင်ရှင်းလင်းပစ်ရန် ကျွန်ုပ်တို့မူတြော်ခရိုင်အုပ်ချုပ်ရေးကော်မတီမှ ထုတ်ပြန်ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်

ပဒိုမန်းမန်း - (Phone-66879438750)

အုပ်ချုပ်ရေးကော်မတီ

ကေအန်ယူ-ကရင်အမျိုးသားအစည်းအရုံး

မူတြော်ခရိုင်

ကော်သူးလေ